လီမီးကျေးရွာ
စံကားကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

၂၀၂၂ - ၂၀၂၃ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လီမီးကျေးရွာ၊ စံကားကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြန်လည်ပြုပြင်ခြင်း၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြုပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၇-၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၁၀
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၁၀
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၁-၁၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


လီမီးကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



လီမီးကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊ ညောင်ရွှေမြို့နယ်



လီမီးကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လီမီကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ် စံကားကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၃၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောင်တန်းနှင့် နန်းဟူးရွှေနွယ်ကျေးရွာ၊ မြောက်ဘက်တွင် ဟိုနားကျေးရွာ၊ တောင်ဘက်တွင် လွယ်ဘောင်ကျေးရွာနှင့်အနောက်ဘက်တွင် ရေချိုကျေးရွာစသည်တို့နှင့် ထိစပ်၍ တည်ရှိနေပါသည်။ ကျေးရွာတွင် ပအိုဝ်;လူမျိုးများနေထိုင်ကြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည် ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လီမီးကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၆)ဧက၊ ယာမြေ(၉၀၁.၅)ဧကနှင့် စားကျက်မြေ(၁၂.၅)ဧက စုစုပေါင်း စိုက်ပျိုးမြေဧက(၉၂၀)ဧက ရှိပါသည်။မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသဖြင့် ခါတ်မြေဩအသင့်အတင့်သာ သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းအနေဖြင့် မြေအောက်ရေ၊ သဘာဝအပင်မျိုးစိတ်များ၊ တိရိစ္ဆာန်မျိုးစိတ်များ၊ ကျေးရွာပိုင် သစ်တောများ အနည်းငယ်တွေ့ရှိရပြီး မြေပေါ်ရေ အသင့်အတင့်တွေ့ရှိရပါသည်။ ကျေးရွာပိုင်သစ်တော သည် ယခင်က ထူထပ်သော်လည်း လူဦးရေတိုးပွားလာသဖြင့် ရွှေ့ပြောင်းတောင်ယာများ ပိုမိုများပြား လာခြင်းကြောင့် ယခုအခါ သစ်တောများ ပြုန်းတီးလာပြီ ဖြစ်ပါသည်။ အခြားသဘာဝအရင်းအမြစ်များ မတွေ့ရှိရပါ။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

လီမီးကျေးရွာတွင် အိမ်ခြေ(၇၄)အိမ်၊ အိမ်ထောင်စု(၈၄)စု၊ လူဦးရေပေါင်း (၃၅၀)ဦးရှိသည်။အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေး အသင့်အတင့်ရှိပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအို(၃)ဦးခန့်သာရှိသောကြောင့် ကျေးရွာရှိ လူဦးရေ၏ (၇၂)ရာခိုင်နှုန်း သည် အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်အသင့်အတင့်ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် လုပ်သားအင်အား ပူးပေါင်းပါဝင်နိုင်မှု အားကောင်းသောကျေးရွာ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

လီမီးကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် ကျေးရွာရှိ ရာအိမ်မှူးမှ ဦးဆောင်၍ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီအသီးသီးမှ ပိုင်းဝန်းဆောင်ရွက်ကြပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် မှုအားနည်းသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်ထူကိုယ်ထနှင့် အစိုးရ ဌာနအချို့မှ အပ ကျေးရွာပြင်ပအခြားအဖွဲ့အစည်းများ ဝင်ရောက်ဆောင်ရွက်ပေးခြင်း မရှိသေးပါ။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဇယား:

လီမီးကျေးရွာတွင် စိုက်ပျိုးမြေများကို ပြောင်းတစ်မျိုးတည်းသာ စိုက်ပျိုးကြပြီး ပြောင်းရိတ်သိမ်း ပြီးပါက အချို့ယာခင်းများတွင် အာလူးစိုက်ပျိုးကြပါသည်။ ပြောင်းသီးနှံများကို မိုးရာသီဖြစ်သော

မေလတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းလေ့ရှိကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ မရှိပါ။

စိုက်ပျိုးမြေများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိအိမ်ထောင်စု(၈၄)စုလုံးသည် စိုက်ပျိုးမြေပိုင်ဆိုင်ကြသဖြင့် မြေယာမဲ့အိမ်ထောင်စုများ မရှိပါ။ကျေးရွာပိုင် စိုက်ပျိုးမြေနှင့် ကျေးရွာရှိ လူဦးရေသည် မျှတပါသည်။

စိုက်ပျိုးရေရှိရန် စံကားအင်းချောင်းရေကို အဓိကအားထား၍ စိုက်ပျိုး၍ရနိုင်သော်လည်း ကျေးရွာပြည်သူများသည် ရေသွင်းစိုက်ရန်လိုအပ်သည့် အခြားသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိပါ။ ပြောင်းသီးနှံကိုသာအဓိကထားစိုက်ပျိုးကြပြီး ပြောင်းရိတ်သိမ်းပြီးချိန်မှ အာလူးစိုက်ပျိုးသည့် တောင်သူအနည်းငယ်သာရှိပါသည်။ ပြောင်းသီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ် မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။ ယခုနှစ်သည် ပြောင်းသီးနှံ အမြတ်ရရှိမှု အသင့်အတင့်ကောင်းပါသည်။

ကျေးရွာတွင် အဆင့်မြှင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ အသင့်အတင့်ပိုင်ဆိုင်ကြပါသည်။ တောင်သူများသည် ခေတ်မီစိုက်ပျိုးရေးစက်ကိရိယာ/နည်းစနစ်များအသုံးပြု၍ စိုက်ပျိုးလုပ်ကိုင်ကြပြီး စက်ကိရိယာမရှိသည့် အချို့တောင်သူသည် ကျေးရွာတွင်းရှိ၊ နီးစပ်ရာကျေးရွာရှိ စက်များ ငှါးရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။စိုက်ပျိုးမြေများတွင် သဘာဝမြေဩဇာများ မသုံးစွဲနိုင်သဖြင့် ခါတ်မြေဩဇာများကိုသာ အသင့်အတင့်အသုံးပြုကြရပါသည်။ ခါတ်မြေဩဇာများကို မှော်ဘီစျေး/ မှော်ဘီကျေးရွာနှင့် အောင်ပန်းမြို့တို့တွင်လည်းကောင်း၊ တစ်ခါတစ်ရံ ပြောင်းဝယ်ကုန်သည်များမှ ကျေးရွာတွင် လာရောက်ရောင်းချပေးသည့် အခါတွင်လည်းကောင်း အလွယ်တကူဝယ်ယူ ရရှိနိုင်သည်။ ထွက်ကုန်များကို ကျေးရွာအထိ လာရောက်ဝယ်ယူသည် ပြောင်းအဝယ်ဒိုင်များထံတွင်လည်းကောင်း၊ နီးစပ်ရာမှော်ဘီကျေးရွာနှင့် အောင်ပန်း၊ ညောင်ရွှေမြို့ရှိ ပွဲရုံများတို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏စိုက်ခင်းများကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများသဖြင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်၍ နည်းပညာအကူအညီများ တောင်းခံရသည့်နှစ်လည်း ရှိပါသည်။ ယခုနှစ်တွင် ရာသီဥတုမှန်သောကြောင့် သီးနှံအထွက်နှုန်းအသင့်အတင့် ကောင်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက ကျေးရွာပိုင်ရွာရန်ပုံငွေကိုလည်းကောင်း၊ ငွေတိုးချေးပေးသူထံတွင်လည်းကောင်း အတိုး(၁)ကျပ်မှ(၂)ကျပ်အထိပေး၍ ချေးယူကြရပါသည်။ ဆင်းရဲသော တောင်သူများသည် မိတ်ဆွေ၊ ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့် ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ အချို့နှစ်များသည် ဖျက်ပိုးများကျရောက်ခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ ကြုံရပါက သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် ပေးဆပ်ရန် ခက်ခဲကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာအတွင်း၌ သတ်မှတ်ထားသော စည်းကမ်းများကြောင့်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြခြင်းကြောင့်လည်းကောင်း မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူ သောအိမ်ထောင်စု မရှိပါ။ စာသုံးရန်အတွက် အိမ်ကြက်အနည်းငယ်မွေးမြူးခြင်း ရှိပါသည်။ အိမ်ထောင်စုတိုင်းတွင် အိမ်ခြံဝင်းအတွင်းမြေနေရာအနည်းငယ်ရှိကြသော်လည်း နည်းပညာ လက်လှမ်းမီမှုအားနည်းခြင်းကြောင့် မွေးမြူရေးလုပ်ငန်း မလုပ်ကြပါ။ မွေးမြူရေးလုပ်ငန်းကဏ္ဍ တိုးတက်ရန်အတွက် နည်းပညာ

ဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူများ မရှိပါ။ ကျေးရွာတွင် လွိုင်ကော်-ညောင်ရွေကတ္တရာလမ်းဘေးတွင် တည်ရှိသဖြင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ လုပ်ကိုင်ရန်သင့်တော်သောကျေးရွာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် သက်/မွေးသင်တန်းများဖြစ်သည့် အပ်ချုပ်၊ ဝပ်ရှော့ကဲ့သို့သော သင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် လိုအပ်သည့် အရင်းအနှီးများမတည် ပေးရန်လိုအပ်လျက် ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လီမီးကျေးရွာသည် ငွေကြေးနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ် လာပါက ကျေးရွာပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ကျေးရွာရှိ ငွေတိုးချေးပေးသူနှင့် ဆွေမျိုးများထံတွင် လည်းကောင်း ချေးငွေများရယူ၍ အခက်အခဲများဖြေရှင်း ကြရပါသည်။ ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု လက်လှမ်းမီမှုအားနည်းပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် ဆိုင်ကယ်အများဆုံးပိုင်ဆိုင်ပြီး ထွေလာဂျီ(၂၁)စီး၊ ကား(၄)စီးရှိသဖြင့် အဓိကသယ်ယူပို့ဆောင်ရေးသည့် ကား၊ ထွေလာဂျီများ ဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းအချို့သည် ကျောက်ခြောလမ်းနှင့် ကျေးရွာချင်းဆက်လမ်းသည် ကတ္တရာလမ်းများဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်သောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာအဝင်လမ်းအား အဆင့်မြင့်တင်ပေးရန် လိုအပ်လျက် ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လီမီးကျေးရွာတွင် မဟာဓါတ်အားလိုင်းမရှိသေးသဖြင့် အိမ်ထောင်စု(၇၆)စုသည် တစ်အိမ်သုံးဆိုလာမီးစနစ်ကို အသုံးပြုကြပြီး ကျန်အိမ်ထောင်စု(၈)စုခန့်သည် ဖယောင်းတိုင်မီးကိုသာ အသုံးပြုလျက်ရှိပါသည်။ မီးနှင့်ပတ်သက်၍ ပျက်စီးပါက ပြုပြင်ရန် အခက်အခဲ ရှိပါသည်။ မှော်ဘီကျေးရွာနှင့် စံကားကျေးရွာတို့နှင့် အလှမ်းမဝေးသဖြင့် လျှပ်စစ်မီးသွယ်ယူရန် လက်လှမ်းမီမှုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးအတွက် ညောင်ရွေမြို့နှင့်အလှမ်းဝေးသော်လည်း ဖုန်းဆက်သွယ်ရေးလိုင်းကောင်းသဖြင့် အိမ်ထောင်စုတိုင်းတွင် တယ်လီဖုန်းများဝယ်ယူအသုံးပြုနိုင်ကြပြီး သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အချိန်နှင့်တပြေးညီရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေပါသည်။

၇။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် မူလတန်းအဆင့်ထိ ကျောင်းပြီးသူဦးရေ အသင့်အတင့်ရှိသော်လည်း အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်/ကောလိပ်အား အခြားကျေးရွာ/မြို့တို့တွင် သွားရောက် ပညာသင်ကြားရခြင်း၊ ငွေကြေးမတတ်နိုင်သည့် မိသားစုများရှိခြင်းတို့ကြောင့် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်ထိ ကျောင်းပြီးသူ အနည်းငယ်သာ ရှိပါသည်။ ငွေကြေးတတ်နိုင်သည့် ကျောင်းသားမိဘများကသာ မိမိတို့၏ သား/သမီးများကို အခြားကျေးရွာ/မြို့တို့တွင်ထား၍ ဆက်လက်

ပညာ သင်ကြားစေပါသည်။ လက်ရှိတွင် ကျေးရွာရှိ ကျောင်းနေအရွယ်ကလေးငယ်များအားလုံးသည် ကျောင်းပညာသင်ကြားလျက် ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် လွန်ခဲ့သည့်နှစ်သည် ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျား၊ ဆီးချို၊ သွေးတိုးစသည့် ရောဂါများ အနည်းငယ်ဖြစ်ပွားမှုရှိသော်လည်း အခြားရောဂါများ ဖြစ်ပွားမှု မရှိပါ။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း/ ကျန်းမာရေးဌာနနှင့် ဌာနခွဲများ မရှိသဖြင့် နီးစပ်ရာကျေးရွာနှင့်(၉)မိုင်နှင့် အကွာရှိ စံကားတိုက်နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူရပါသည်။ ဆေးဝါးကုသမှု လွန်ခဲ့သော (၁၂)လအတွင်း ကျေးရွာ၌ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ကာကွယ်ဆေးမှအပ အခြားကာကွယ်ဆေးများ ထိုးနှံပေးခြင်း မရှိပါ။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ခင်းများတွင် ပိုးသတ်ဆေးများ၊ ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွာလာကြသဖြင့် မြေဆီဩဇာနှင့် အခြားအပင်မျိုးစိတ်များ မျိုးသုန်းပျက်စီးလာခြင်းကြောင့် နောင်တွင်စိုက်ပျိုးရေး ကဏ္ဍ၌ ဘေးအန္တရာယ်ကြုံတွေ့လာနိုင်ပါသည်။ စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုစနစ်ကျင်းသုံးလျက်ရှိသဖြင့် အမှိုက်နှင့်ပတ်သက်၍ အခက်အခဲမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် ကြုံတွေ့ရသည့် သီးခြားအခက်အခဲများ မရှိပါ။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင် ပါဝင်မှုမရှိသော်လည်း ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မှုနှင့် အခြားကဏ္ဍများတွင် တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှုသည် အနည်းငယ်ကွာဟမှုရှိပြီး သတင်းအချက်အလက်နှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသမီးများသည် အမျိုးသားနှင့်တန်းတူ အခွင့်အလမ်းရရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် နှစ်စဉ်ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း ရှိပါသည်။ ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းကောင်း၊ ကိုယ်တိုင်အသိပညာလေ့လာသင်ယူမှုနှင့် အားကစားလိုက်စားမှု၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမှုတို့တွင်လည်းကောင်း ပါဝင်မှုအားကောင်းကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် အဖွဲ့များဖွဲ့စည်းထားခြင်း မရှိပါ။ ဥပဒေစိုးမိုးပြီး စည်းလုံးညီညွတ်မှုအားကောင်းသောကျေးရွာဖြစ်သဖြင့် မူခင်းဖြစ်ခြင်း၊ ပြဿနာဖြစ်ခြင်း မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇
၁	လီမီး(လီမှိုး)ကျေးရွာ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း	၁	✓				
၂	လီမီး(လီမှိုး)ကျေးရွာ ရွာအဝင်လမ်းသဲဖြုန်းခင်းခြင်း	၂		✓			
၃	လီမီး(လီမှိုး)ကျေးရွာ ဆေးပေးခန်းတည်ဆောက်ခြင်း	၃			✓		
၄	လီမီး(လီမှိုး)ကျေးရွာ ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၄				✓	
၅	လီမီး(လီမှိုး)ကျေးရွာ ၄"ØPVC ၂၅၀' စက်ရေတွင်းတူးဖော်ခြင်း	၅					✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– လီမီးကျေးရွာ
ကျေးရွာအုပ်စု	– စံကားကျေးရွာအုပ်စု
မြို့နယ်	– ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်(တောင်ပိုင်း)

စီမံချက်အမည် – **ခန်းမဆောင်တည်ဆောက်ခြင်း(၄၀'×၃၀'× ၁၂')**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျေးရွာတွင် ခန်းမဆောင်မရှိသောကြောင့် သာရေး/နာရေး၊ အစည်းအဝေးများ ကျင်းပပြုလုပ်ပါက နေရာအခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် အချိန်မရွေး သာရေး/နာရေးကိစ္စများ၊ ကျေးရွာတွင်း အစည်းအဝေးများကျင်းပနိုင်ရေးအတွက် ခန်းမဆောင်တည်ဆောက်ရန် လိုအပ်သောကြောင့် ဤစီမံချက်ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)

ကျယ်ဝန်းသည့်အဆောက်အဦးနေရာရရှိလာမည်ဖြစ်ဖြင့် ကျေးရွာသူ/သားများ၊ လူငယ်မောင်မယ်များ သာရေး/နာရေးပွဲများ၊ အစည်းအဝေးပွဲများ ရာသီမရွေး၊ အချိန်မရွေး ကျင်းပပြုလုပ်နိုင်စေရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ခန်းမဆောင်ပြီးစီးပါက သာရေး/နာရေးပွဲများ၊ အစည်းအဝေးပွဲများ အချိန်မရွေး၊ ရာသီမရွေး ကျင်းပပြုလုပ်နိုင်မည့်အပြင် လူငယ်မောင်မယ်ပိုင် ပစ္စည်းများ၊ အများပိုင်ပစ္စည်းများအား ခန်းမဆောင်တွင် စနစ်တကျသိမ်းဆည်းနိုင်ခြင်း၊ လူငယ်များ အသိပညာများကိုယ်ပိုင်လေ့လာနိုင်သည့် နေရာရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိလာစေမည် ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် (၁၆၇၈၀၀၀၀/)ဖြင့် ဆောင်ရွက်သွားပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀၀၀၀၀၀၀/-(ငွေသား) • ၂၅၀၀၀၀၀/- (ငွေသား) • ၄၂၀၀၀၀၀/-(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၁၇၉	၁၇၁	၃၅၀	၁	၅၅	၁၈	၁၀	၈၄
အကျိုးခံစားမည့်သူ ဦးရေ	၁၇၉	၁၇၁	၃၅၀	-	-	-	-	-
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၂၁.၁၂.၂၀၂၂)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၂၈.၂.၂၀၂၃)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန်းမဆောင် ရေရှည်တည်တံ့ရေးအတွက် ကျေးရွာတွင် ခန်းမဆောင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်း၍ ၎င်းကော်မတီထံသို့ လုပ်ငန်းအား စနစ်တကျလွှဲပြောင်းပေးသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

လီမီးကျေးရွာ၊ စံကားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးတုတ်	ဦးစန်း	၁၃/ညရန(နိုင်)၀၇၈၆၅၃	၄၉	ဥက္ကဋ္ဌ	၀၉-၄၅၂၆၃၄၇၈
၂။	ဦးမောင်ညွန့်	ဦးသိန်း	၁၃/ညရန(နိုင်)၀၇၈၈၀၈	၃၇	ဘဏ္ဍာရေးမှူး	၀၉-၄၄၅၁၃၇၂၂၇
၃။	ဦးလွာပေး	ဦးလှိုင်	-	၃၁	အတွင်းရေးမှူး	၀၉-၄၅၀၇၆၀၇၄၁
၄။	ဦးထွန်းရီ	ဦးလှဖေး	၁၃/ညရန(နိုင်)၁၄၄၀၉၇	၂၄	စာရင်းကိုင်	၀၉-၂၆၅၈၂၂၈၄၂
၅။	ဒေါ်နန်းစိန်းညွန်း	ဦးလွာ	-	၂၅	အဖွဲ့ဝင် (၁)	
၆။	ဦးခွန်အောင်ဆန်း	ဦးခွန်မောင်ပဲ	၁၃/ညရန(နိုင်)၁၄၄၂၅၁	၄၈	အဖွဲ့ဝင် (၂)	၀၉-၈၈၃၂၀၀၁၈၈
၇။	ဦးသန်း	ဦးဗုတ်	၁၃/ညရန(နိုင်)၁၁၁၅၆၈	၂၉	အဖွဲ့ဝင် (၃)	၀၉-၄၂၉၆၅၄၁၈၀
၈။	ဒေါ်နန်းအေးဆန်း	ဦးထီး	-	၂၀	အဖွဲ့ဝင် (၄)	
၉။	ဒေါ်နန်းရွှေနု	ဦးဝဏ္ဏတုတ်	၁၃/ညရန(နိုင်)၁၆၀၁၂၇	၂၀	အဖွဲ့ဝင် (၅)	
၁၀။	ဒေါ်သီတာဦး	ဦးခမ်းဦး	၁၃/ညရန(နိုင်)၁၄၆၇၉၅	၂၁	အဖွဲ့ဝင် (၆)	
၁၁။	ဒေါ်ဖြူဖြူနွေး	ဦးမောင်နိုင်	၁၃/ညရန(နိုင်)၁၆၃၂၆၁	၁၈	အဖွဲ့ဝင်(၇)	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ဃ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၃	၄	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၃	၁၆	၁၉	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၃	၁၀	၂၃	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၁၁	၂၇	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၁	၁၂၂	၂၅၃	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၉	၁၄	-	-
စုစုပေါင်း		၁၇၉	၁၇၁	၃၅၀	-	-
စုစုပေါင်း အိမ်ထောင်စု		၈၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးငယ်များအသင့်အတင့်ရှိပြီး လူဦးရေ(၇၂%)ခန့်သည် အလုပ်လုပ်နိုင်သည့်ဦးရေများဖြစ်သောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လုပ်အားပူးပေါင်းဆောင်ရွက်မှု အားကောင်းကြပါသည်။ ကျေးရွာရှိလူဦးရေများမှ ကျား-မလူဦးရေအနည်းငယ်သာ ကွာဟမှုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၈၄	၂၃၈	၅	၆	၁၇	၃	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၈၄	၂၃၈	၅	၆	၁၇	၃	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု

အခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်/ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူများ (၃)ဦးသာ ရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	–	၇၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၅၀၀၀	–	၁၀၀၀၀	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားများဌားရမ်းရာ၌ ပျမ်းမျှအားဖြင့် အမျိုးသားများသည်ကျပ်(၆၀၀၀)မှ(၈၀၀၀)အထိရရှိသော်လည်း အမျိုးသမီးများသည် အများဆုံးကျပ်(၆၀၀၀)ဝန်းကျင်ခန့်သာ လုပ်အားခရရှိကြောင်း တွေ့ရှိရပါသည်။ ကျား–မ လုပ်အားခရရှိမှု အနည်းငယ်ကွာဟမှု ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၆	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၉၀၁.၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	–	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၁၂.၅	ကောင်း ☐	သင့်☐	ညံ့ ☑

မြေအမျိုးအစား	ဇရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၉၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ(၆)ဧက၊ ယာမြေ(၉၀၁.၅)ဧကနှင့် စားကျက်မြေ(၁၂.၅)ဧက စုစုပေါင်းစိုက်ပျိုးမြေ(၉၂၀)ဧကရှိသဖြင့် ကျေးရွာအနေဖြင့် စိုက်ပျိုးမြေအသင့်အတင့်ပိုင်ဆိုင်လျက်ရှိပြီး စိုက်ပျိုးမြေများသည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်လျက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် သဘာဝအပင်မျိုးစိတ်များ၊ တိရိစ္ဆာန်မျိုးစိတ်များ၊ ကျေးရွာပိုင် သစ်တောများနှင့် မြေအောက်ရေများ အနည်းငယ်တွေ့ရှိရသော်လည်း အသုံးချရန် ခက်ခဲပါသည်။ ကျေးရွာ၌ မြေပေါ်ရေပေါများသည်ကို တွေ့ရှိရသဖြင့် သောက်သုံးရေဖူလုံဖူလုံသော်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရန်လိုအပ်သောကျေးရွာ ဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေ ောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁	၅၅	၁၈	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် အလယ်အလတ်ရှိသောအိမ်ထောင်စုများ အများဆုံးတွေ့ရှိရပြီး မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု အသင့်အတင့်တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသော်လည်း ဒေသထွက် သီးနှံများရောင်းချရန် ဈေးကွက်လက်လှမ်းမီမှုရှိသဖြင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများ အများဆုံးရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၅	၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၅ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၃	၃	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၃ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စု(၃၀%)၏ ဝမ်းစာဖူလုံမှု အခြေအနေအား လေ့လာခဲ့ရာ အများစုသည် ဝမ်းစာဖူလုံကြပြီး အိမ်ထောင်စု(၈)စုသည် (၆)လအောက်မှ(၁၂)လကြားတွင် ဝမ်းစာဖူလုံကြကြောင်း တွေ့ရှိရပါသည်။ အခက်အခဲများအား ငွေကြေးချေးယူခြင်းဖြင့် ဖြေရှင်းကြကြောင်း သိရှိရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများဖြစ်သော မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက်များ၊ ဆင်းရဲပြီးမိသားစုများသည့်မုဆိုးဖို အိမ်ထောင်စုနှင့် မုဆိုးမအိမ်ထောင်စုများ မရှိပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း		✓		✓		
၁၃	တောမီးလောင်ခြင်း		✓		✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓		✓		
၂၀	သစ်တောပြုန်းတီးခြင်း			✓	✓		
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု						
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။ မိုးခေါင်၊ တောမီးလောင်ခြင်း၊ စားနပ်ရိက္ခာမဖူလုံမှု အနည်းငယ်ကြုံတွေ့ရသော်လည်း ကျေးရွာအတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် အစီအမံများ စွမ်းဆောင်နိုင်မှု အသင့်အတင့်အားကောင်းသဖြင့် အန္တရာယ်ဖြစ်ဖွယ်ထိခိုက်မှု ကြုံတွေ့ရခြင်း မရှိသေးပါ။ ကျေးရွာတွင် လူဦးရေတိုးပွားလာခြင်း၊ ရွှေ့ပြောင်းတောင်ယာများပိုမိုများပြားလာခြင်းတို့ကြောင့် သစ်တောပြုန်းတီးခြင်း နှစ်စဉ် ပိုမိုတိုးပွားလာခြင်းကြောင့်း အန္တရာယ်ကြုံတွေ့ဖွယ်ရှိလာနိုင်သည်ကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓			✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဘေးအန္တရာယ်များ ကြုံတွေ့လာပါက ဆင်းရဲသောတောင်သူများ၊ အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လူငယ်များစသည့်အုပ်စုများသည် ထိခိုက်သက်ရောက်မှုများအသင့်အတင့်ကြုံတွေ့နိုင်သည့်အုပ်စုများ ဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁☐၂☑၃☐	၂၅	၂၂	၄၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	မီးလင်းရေးကော်မတီ	၁☐၂☑၃☐	၇	-	၇	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	ရပ်မိရပ်ဖ	၁☐၂☑၃☐	၅		၅	ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၄	ဆယ်အိမ်မှူး	၁☐၂☑၃☐	၄		၄	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၅	သွေးအလှူရှင်အဖွဲ့	၁☐၂☑၃☐	၇	-	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၆	အမျိုးသမီးဓမ္မစကြာအဖွဲ့	၁☐၂☐၃☑		၂၅	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တွေ့ကြုံရသည့် ကိစ္စအဝဝကို ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ/သားတို့ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်း/ကော်မတီများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု အသင့်အတင့်ကောင်း ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရဌာနအချို့အပြင် အခြားကျေးရွာပြင်ပအဖွဲ့အစည်းများ ဝင်ရောက်ဆောင်ရွက်ပေးခြင်း မရှိသေးပါ။ ပြင်ပအဖွဲ့အစည်းများနှင့် လက်လှမ်းမီမှု အားနည်းပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၄	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၀	၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃၆	၂	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၃၄	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၈၄	၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သည့် ကျေးရွာဖြစ်သဖြင့် စိုက်ပျိုးမြေအသင့်အတင့်ရှိပါသည်။ အိမ်ထောင်စု(၈၄)စုလုံးသည် စိုက်ပျိုးမြေအနည်းငယ်စီပိုင်ဆိုင်ကြသဖြင့် မြေယာမဲ့အိမ်ထောင်စုများ မရှိပါ။ ကျေးရွာလူထုနှင့် စိုက်ပျိုးမြေမျှတမှု ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၉၂	တစ်နှစ်ပတ်လုံး□ရာ သီအလိုက်☑ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ □	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနီးတွင် ဘီးလူချောင်းစီးဆင်းလျက်ရှိသဖြင့် ကျေးရွာ၌ လယ်မြေများ၊ ချောင်းအစပ်ရှိ ယာခင်းအချို့အား ရာသီအလိုက် ရေသွင်းစိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၉၀၁.၅	ပိဿာ	၇၀၀	၁၀၀၀	၈၀၀	May	Dec	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
အာလူး	၉၂	ပိဿာ	၄၅၀၀	၆၀၀၀	၅၀၀၀	Otc	Mar	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပြီး ပြောင်းရိတ်သိမ်းပြီးချိန်တွင် အချို့ယာခင်းများတွင် အာလူးစိုက်ပျိုးကြပါသည်။ ယခုနှစ်မှာ မိုးစေ့များ၊ ဓါတ်မြေဩဇာ၊ စက်သုံးဆီနှင့်စားသောက်ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်နေသဖြင့် သွင်းအားစုများ ဈေးနှုန်းအသင့်အတင့်မြင့်မားလျက်ရှိသော်လည်း သီးနှံအမြတ်ရရှိမှုလည်း အသင့်အတင့်ကောင်းပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	-	-	-
လက်တွန်းထွန်စက်	၄၇	-	-	၃၇
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၁	-	-	၈၃
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၃	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ တောင်သူအများစုသည် စိုက်ပျိုးရေးစက်ကိရိယာများပိုင်ဆိုင်ကြပြီး ဆင်းရဲသောတောင်သူများသည် စိုက်ပျိုးချိန်တွင် နီးစပ်ရာမှာ စက်များငှါးရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☑သင့်တင့်မျှတ☐မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေးဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးတက်ရန်အတွက် လိုအပ်လျက်ရှိသော ရေအရင်းအမြစ်များ၊ သီနှံမျိုးစေ့များနှင့် လုပ်သားများရရှိနိုင်သဖြင့် သီးနှံအထွက်တိုးရန်အခွင့်အလမ်းများ ဖြစ်ပါသည်။ သီးနှံများရောင်းချရန် စျေးကွက်များ လက်လှမ်းမီမှုလည်း ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
